# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

**(၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၄။)**

**၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်**

**(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)**

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆု ပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရ မည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများ ကိုဆိုသည်၊

(ဃ) **ဂုဏ်ထူးဆောင်လက်မှတ်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့် အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကိုဆိုသည်၊

(င) **ဂုဏ်ထူးဆောင်ဆုပစ္စည်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ချီးမြှင့် အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကိုဆိုသည်။

## အခန်း(၂)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၃။ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကိုအောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များကို ချီးမြှင့်ရမည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

Myanmar Law Information System (MLIS)

(ခ) စစ်ကိုင်းတိုင်းဒေသကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြား တိုင်းပြည်များမှ သံတမန်များ၊ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲ ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အား ထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊

(စ) စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သည့် ပုဂ္ဂိုလ်များ၊

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ် များ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာကာကွယ်စောင့်ရှောက်ကြသည့်ပုဂ္ဂိုလ်များ၊

(ဈ) ပညာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်သူများနှင့် ထိုသို့ထူးချွန်သူများ ထွက်ပေါ် အောင် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

## အခန်း(၃)

## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၄။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက် ပါကနောက်ဆက်တွဲ ပုံစံ (၁) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ် သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့် ဆင့်ကြီးကြပ်သူအရာရှိများမှတစ်ဆင့်သက်ဆိုင်ရာဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ခံတင်ပြရန်။

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင် ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၂) တွင်လိုအပ်သလိုဖြည့်စွက်လျက်အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက်အထက်အဆင့် ဆင့်ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ထံ ထောက်ခံတင် ပြရန်၊

(ခ) တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ကတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ခံ တင်ပြရန်။

Myanmar Law Information System (MLIS)

၆။ ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိဌာနဆိုင်ရာ ဝန်ထမ်းများအတွက်ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၃) တွင် လိုအပ်သလိုဖြည့်စွက်လျက်အောက်ပါအတိုင်းဆောင် ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက် အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးဥပဒေချုပ်ထံထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးဥပဒေချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ခံတင်ပြရန်။

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြ ရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၄) တွင် လိုအပ်သလို ဖြည့်စွက်လျက်အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့် ဆင့်ကြီးကြပ်သူအရာရှိများမှ တစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ထောက်ခံတင်ပြရန်။

၈။ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါကနောက်ဆက်တွဲပုံစံ (၅) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာ တပ်စုမှူး/ တပ်ခွဲမှူးတို့က တပ်မမှူး/ တိုင်းမှူးထံထောက်ခံတင်ပြရန်၊

(ခ) တပ်မမှူး/ တိုင်းမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ ဝင်များမှအပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၆) တွင် လိုအပ်သလိုဖြည့်စွက်လျက်အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့်တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း(၄)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများပြန်လည်ရုပ်သိမ်းခြင်း

၁၀။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့်ပတ်သက် ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်-

(က) နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကိုကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏အပြစ်ပေးခံရခြင်း၊

(ဂ) ဌာနဆိုင်ရာ အရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့် ရာထူးမှထုတ်ပယ်ခြင်း၊ နုတ် ပယ်ခြင်း၊ ရပ်စဲခြင်း စသောပြစ်ဒဏ်တစ်ရပ်ရပ်ပေးခံရခြင်း၊

Myanmar Law Information System (MLIS)

(ဃ) ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ပစ္စည်းချီးမြှင့်အပ်နှင်းခြင်းခံထိုက်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြသည်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းပြီးနောက် မူလထောက်ခံချက်ပါအချက်အလက်အကြောင်းအရာများ နှင့် ပတ်သက်၍မမှန်မကန်တင်ပြမှု ပြုခဲ့ကြောင်းတွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့်စစ်ကိုင်းတိုင်းဒေသကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့်ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းတွေ့ရှိပေါ်ပေါက်ခြင်း၊

(စ) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည်ရုပ်သိမ်းသင့်သည့် လုံလောက်သော အကြောင်း အချက်တစ်ရပ်ရပ်တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း(၅)

## အထွေထွေ

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သော ကိစ္စ ရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူး ဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ ကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01-နောက်ဆက်တွဲပုံစံ(၁)ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင် လက်မှတ်/ ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်ထောက်ခံချက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02- နောက်ဆက်တွဲပုံစံ (၂)ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအားဂုဏ်ထူးဆောင်လက် မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံ ချက်ပုံစံ

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03- နောက်ဆက်တွဲပုံစံ(၃) ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်ထောက်ခံချက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04-နောက်ဆက်တွဲပုံစံ(၄) ပြည်ထောင်စုစာရင်းစစ်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်ထောက်ခံချက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05-နောက်ဆက်တွဲပုံစံ(၅) တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်ထောက်ခံချက်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06-နောက်ဆက်တွဲပုံစံ(၆) အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်ထောက်ခံချက်ပုံစံ

Myanmar Law Information System (MLIS)